*ထူးခြားသော ဖြစ်ရပ်ကာလ အပါအဝင်*

## HRCT ကဏ္ဍ ထဲက သင့်တင့်လျောက်ပတ်သောအလုပ်၊ အလုပ်သမား အခွင့်အရေးနှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှု

IUF ၏ ဟိုတယ်၊ စားသောက်ဆိုင်၊ ဧည့်ခံကျွေးမွေးရေးနှင့် ခရီးသွား ကဏ္ဍတွင် ကူးစက်ရောဂါ/ကပ်ရောဂါ၊ အကြမ်းဖက်တိုက်ခိုက်မှု နှင့် သဘာဝဘေးအနရာယ်ကျရောက်မှုကဲ့သို့လို ထူးခြားသော ဖြစ်ရပ်ကာလအတွင်း အလုပ်သမားအခွင့်အရေးများကို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရွှေ့ဆိုင်းလိုက်ခြင်းများအား မဖြစ်စေနိုင်ကြောင်း အသိပေးချက် ထုတ်ပြန်လိုပါသည်။ အလုပ်ရှင်၏ တာဝန်များသည် သဘောတူညီချက်များနှင့် လူ့အခွင့်အရေး စာချုပ်များအပေါ်တွင် အခြေခံပါသည်။ ပြည့်စုံသော ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်ရေးအစီအမံများကို မိတ်ဆက်ပေးခြင်းအား၊ အလုပ်သမားများ၏ အန္တရာယ်နှင့်ထိတွေ့မှုကို အနည်းဆုံးဖြစ်အောင် မှန်ကန်စွာ လျှောက်ထားခြင်းအားဖြင့် ဝန်ထမ်းအားလုံးအတွက် လုံခြုံစိတ်ချရသော အလုပ်ခွင်ပတ်ဝန်းကျင် ဖြစ်အောင် အလုပ်ရှင်များမှ သေချာလုပ်ဆောင်စေရမည်။

အလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးကင်းရေးကို အာမခံချက်ပေးရန်၊ ထူးကဲသောဖြစ်ရပ်များတွင် ဆိုးရွားမှုအနည်းဆုံးဖြစ်ရန်နှင့်ငွေကြေးဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကိုလျော့ချရန်အတွက် အစိုးရများမှာ အလုပ်သမားသမဂ္ဂများနှင့် အလုပ်ရှင်များ ပူးပေါင်းပါဝင်မှုဖြင့် မူဝါဒများ အကောင်ထည်ဖော်ပြဋ္ဌာန်းရမည်။

IUF မှ တောင်းဆိုလိုသည်များမှာ –

လက်ရှိ Covid–19 ကပ်ရောဂါကဲ့သို့ ထူးခြားသောဖြစ်ရပ်များ သို့မဟုတ် အကျပ်အတည်းများတွင် အလုပ်သမားများ၏ လက်ရှိနှင့် အနာဂတ်ကျန်းမာရေးကို အန္တရာယ်ရှိစေသော မလိုလားအပ်သည့် အထိ အတွေ့ အန္တရာယ်များရှောင်ရှားနိုင်ဖို့အတွက် ကုမ္ပဏီများ သည် သမဂ္ဂများနှင့် အလုပ်လုပ်ရမည်ဖြစ်ပြီး၊ သမဂ္ဂမရှိသည့်နေရာများတွင် ဝန်ထမ်းများနှင့် တိုက်ရိုက်အလုပ်လုပ်ကာ ကာကွယ်ရေးအစီအမံများအတွက် ချက်ချင်း အကောင်အထည်ဖော်ရမည်။

အလုပ်ရှင်များသည် မိမိအလုပ်သမားများအား နည်းပညာ၊ သတင်းအချက်အလက်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိရိယာများကို အပြည့်အဝ ထောက်ပံ့ပေးရမည်ဖြစ်ပြီး အလုပ်သမား လုပ်ငန်းခွင်ထဲသို့ စမဝင်မီ အခြားသင့်လျော်သော နည်းပညာနှင့်ဆေးဘက်ဆိုင်ရာအစီအမံများကို ဖြစ်နိုင်သမျှအရေးတကြီး ချမှတ်ကြရမည်။

ဟိုတယ်တွင် သီးခြားစောင့်ကြည့်ခံနေရသော သို့မဟုတ် ပိတ်မိခံထားရသော ဧည့်သည်များအတွက် မရှိမဖြစ်ဝန်ဆောင်မှုပေးရန် အလုပ်သမားများ အလုပ်ဆင်းရပါက ထိုသူတို့အတွက် အန္တရာယ် နည်းနိုင်သမျှ နည်းအောင် အဆိုင်းများ၊ အားလပ်ချိန်များနှင့် လုပ်ငန်းခွင်စီမံချက် အစီအစဉ်များကို ပြုပြင်ပါ။

အလုပ်ရှင်များအနေဖြင့် ရောဂါကူးစက်မှုအန္တရာယ်ပိုရှိသော မီးဖွားမိခင်၊ ဖျားနာသူနှင့် ရောဂါအခံရှိသူများ အတွက် ဖြည့်စွက်ကာကွယ်ရေး အစီအမံများ မိတ်ဆက်ပေးရမည်။

လက်ရှိကပ်ရောဂါအခြေအနေတွင် အလုပ်သမားများအားလုံး သူတို့၏မိသားစုအား စောင့်ရှောက်ရန်အတွက် လိုအပ်သောအစီအစဉ်များအားလုံး စီစဉ်ဆောင်ရွက်ခွင့်သည် အခြေခံအခွင့်အရေးဖြစ်ပြီး အလုပ်ရှင်များမှ လေးစားကြရမည်။

အလုပ်ရှင်များသည် ဂန်ထမ်းအလုပ်သမားများ၏ အသက်မွေးဂမ်းကျောင်းလုပ်ငန်းများနှင့် ၄င်းတို့၏ အလုပ်အကိုင်များကို ကာကွယ်ရန် အခွင့်အရေးတို့ကို ရရှိစေရမည်။ ဆိုးရွားသော အကျိုးသက်ရောက်မှုများ ရှောင်ရှားနိုင်ဖို့အတွက် ကပ်ရောဂါကိုတုံ့ပြန်မည့် ယာယီအစီအမံများချမှတ်ရာတွင် သမဂများနှင့် ဇွေစပ်ညှိနှိုင်းကြရမည်ဖြစ်ပြီး သမဂမရှိသည့် နေရာများတွင် အလုပ်သမားများနှင့် တိုက်ရိုက် ဇွေစပ်ဆွေးနွေးခွင့်ရှိသည်။

နောက်ဆုံးအနေဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု ဆိုးကျိုးများစွာတည်ရှိခြင်းနှင့်အတူ ကပ်ရောဂါ အခြေအနေကြောင့် ခရီးစဉ် ဖျက်သိမ်းလျော့ကျလာရာမှ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ၏ အသက်မွေးဝမ်းကျောင်းများနှင့် အလုပ်အကိုင်အပေါ်သက်ရောက်မှု ရှိစေခဲ့သည်။ အစိုးရအနေဖြင့် အလုပ်သမားများ ရင်ဆိုင်နေရသော အလုပ်အကိုင်ထိခိုက်မှုနဲ့ ဆိုးရွားသော စီးပွားရေး အကျပ်အတည်းအလားအလာများကို အသိအမှတ် ပြုသင့်သည်။ သမဂများ၊ အလုပ်ရှင်များနှင့် ပူးပေါင်းကာ ထိခိုက်မှုကို လျော့ချနိုင်ဖို့ အစိုးရအနေဖြင့် သင့်လျော်သော အထူးအစီအမံများ မိတ်ဆက်သင့်သည်။